STATE OF MICHIGAN
OFFICE OF THE GOVERNOR
LANSING

GRETCHEN WHITMER
GOVERNOR

GARLIN GILCHRIST II
LT. GOVERNOR

LANSING

# အမိန့်ကြော်ငြာစာ

## အမှတ် ၂၀၂၀ - ၂၁

## အသက်ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန်အတွက် မလိုအပ်သောလုပ်ဆောင်မှုများကို ယာယီရပ်ဆိုင်းရန်လိုအပ်ချက်

**နိုဗယ်ကိုရိုနာဗိုင်းရပ်စ်** (COVID-19) **သည် အပြင်းအထန်ဖျားနာခြင်း သို့မဟုတ် သေဆုံးခြင်းတို့ကို ဖြစ်စေနိုင်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်သည်။ အဆိုပါရောဂါသည် ယခင်က လူသားများတွင် မတွေ့ရသော ကိုရိုနာဗိုင်း ရပ်စ်အသစ်တစ်မျိုးကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး တစ်ဦးမှ တစ်ဦးသို့ အလွယ်တကူ ကူးစက်နိုင်သည်။ အထူးသဖြင့် သက်ကြီးရွယ်အို များနှင့် နာတာရှည်ရောဂါဝေဒနာများခံစားရသောသူများတွင် အန္တရာယ်ရှိပြီး အနီးကပ်ရှိသူများအကြား တစ်ဦးမှ တစ်ဦးသို့ အလျင်အမြန်ကူးစက်ပျံ့ပွားနိုင်သော** COVID-19 **ရောဂါသည် အလွန်အန္တရာယ်များလှပါသည်။လက်ရှိတွင် အဆိုပါ ရောဂါအတွက် အတည်ပြုထားသော ကာကွယ်ဆေး သို့မဟုတ် ရောဂါပိုးသေစေနိုင်သောကုသမှုမျိုးမရှိပါ။**

**၂၀၂၀ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် မီချီဂန်ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဌာနသည် မီချီဂန်တွင် ပထမဆုံး** COVID-19 **ရောဂါရှိသူနှစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါရက်တစ်ရက်တည်းတွင် ကျွန်ုပ်သည် အမိန့်စာအမှတ် ၂၀၂၀-၄ ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါအမိန့်စာတွင် ၁၉၆၃ခုနှစ် မီချီဂန် ဖွဲ့စည်းပုံဥပဒေ အခန်း ၅ အပိုင်း ၁ အရေးပေါ် စီမံဆောင်ရွက်ရေးဥပဒေ** 1976 PA 390 **ကို ပြင်ဆင်ချက်အဖြစ်** MCL 30.401-.421 **နှင့်** 1945 **အစိုးရ အရေးပေါ်လုပ်ပိုင်ခွင့်အာဏာများဥပဒေ** 1945 PA 302 **ကို ပြင်ဆင်ချက်အဖြစ် မီချီဂန်ဖွဲ့စည်းပုံဥပဒေပုဒ်မ ၁၀/၃၁-၃၃** (MCL 10.31-33)**အောက်တွင် မီချီဂန် ပြည်နယ်တစ်ဝှမ်းလုံးကို အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။**

MCL 10.31(1). **အရေးပေါ် စီမံဆောင်ရွက်ရေးဥပဒေသည် "ဥပဒေ** MCL 30.403(1)-(2)**၏ စွမ်းအားနှင့် အကျိုးသက်ရောက်မှုရှိသည့် အမိန့်စာများ၊ ကြေညာချက်များနှင့် ညွှန်ကြားချက်များ" မှတစ်ဆင့် အစိုးရမှ ဆောင်ရွက်နိုင်သော "သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ်အခြေအနေကိစ္စဖြစ်ပေါ်သည့် အဆိုပါပြည်နယ် သို့မဟုတ် အဆိုပါ ပြည်နယ်ရှိ နေထိုင်သူများအတွက် အန္တရာယ်များနှင့် ကိုင်တွယ်ဖြေရှင်း"ရန် ကြီးမားသောလုပ်ပိုင်ခွင့်အာဏာများနှင့် တာဝန်များကို အစိုးရထံသို့ အပ်နှင်းပါသည်။ အလားတူစွာပင် အရေးပေါ်အခြေအနေအား ကြေညာပြီးသည့်နောက် "အစိုးရအနေဖြင့် ဖြစ်ပွားရာနေရာအတွင်း အသက်အိုး အိမ်စည်းစိမ်တို့ကို ကာကွယ်ရန် သို့မဟုတ် အရေးပေါ်အခြေ အနေကို ထိန်းချုပ်ရန် လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာအမိန့်များ၊ စည်းမျဉ်းစည်းကမ်းများကို ချမှတ်နိုင်ကြောင်း "၁၉၄၅ ခုနှစ် အစိုးရအရေးပေါ်လုပ်ပိုင်ခွင့် အာဏာများဥပဒေတွင် ဖော်ပြထားသည်။**

COVID-19 **ကူးစက်ပျံ့ပွားမှုကို ထိန်းချုပ်ရန်၊ ပြည်နယ်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရောဂါလွှမ်းမိုးကူးစက်ခံရခြင်းမှ ကာကွယ်ရန်၊ အရေးကြီးသောစစ်ဆေးရေးပစ္စည်းများ၊ အသက်ရှုကိရိယာများနှင့် တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ ထုတ်လုပ်ရေးအတွက်အချိန်ပေးရန်၊ မလိုအပ်သောသေဆုံးမှုများမှ ရှောင်ကြဉ်နိုင်ရန်အတွက် ဒေသခံများအား မိမိနေအိမ် သို့မဟုတ် ၎င်းတို့နေထိုင်ရာနေရာတွင် အများဆုံးနေထိုင်ကြစေလိုကြောင်း တိုက်ရိုက်ပြောကြားရန် လက်တွေ့တကျလိုအပ်ပါသည်။**

**ဤအမိန့်စာသည် ၂၀၂၀ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၊ နံနက် ၁၂:၀၁ နာရီတွင် စတင်သက်ရောက်ပြီး ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့၊ ည ၁၁:၅၉ နာရီအထိ ဆက်လက်အကျိုးဝင်သည်။**

၁၉၆၃ခုနှစ် မီချီဂန်ဖွဲ့စည်းပုံနှင့်မီချီဂန်ဥပဒေနှင့်အညီ ကျွန်ုပ်မှ အောက်ပါအတိုင်း အမိန့်ထုတ်ပြန် လိုက်သည်-

၁။ ဤအမိန့်ကို ယေဘုယျအားဖြင့် အသက်မွေးကျောင်းရန် သို့မဟုတ် ကာကွယ်ရန်အတွက်မလိုအပ်သည့် ကိုယ်တိုင်အလုပ်လုပ်ခြင်းကို တားမြစ်သည့်အမိန့်ဖြစ်သည်ဟု နားလည်ကြရမည်။

၂။ အပိုင်း ၇ တွင် ပါရှိသော ခြွင်းချက်များအရ လက်ရှိတွင် မီချီဂန်ပြည်နယ်အတွင်း နေထိုင်ကြသော တစ်ဦးချင်း စီတိုင်းကို နေအိမ် သို့မဟုတ် ၎င်းတို့နေထိုင်ရာနေရာတွင် နေထိုင်ကြရန် အမိန့်ထုတ်ထားသည်။ အလားတူခြွင်း ချက်များအရ မိသားစုဝင်များအနေဖြင့် လူအများတွေ့ဆုံမှုများနှင့် တစ်သီးပုဂ္ဂလတွေ့ဆုံမှုများအားလုံးတွင် အိမ်ထောင်စုတစ်စု၏ တစ်စိတ်တစ်ပိုင်းအဖြစ်မသက်ဆိုင်ဘဲ ဝင်ရောက်တွေ့ဆုံခြင်းကိုတားမြစ်သည်။

၃။ နေအိမ် သို့မဟုတ် နေထိုင်ရာနေရာမှ ထွက်သောတစ်ဦးချင်းစီတိုင်းသည် အခြေအနေများအရ ဖြစ်နိုင်လျှင် တစ်ဦးချင်းစီ၏ အိမ်ထောင်စုပြင်ပမှလူတို့နှင့် အနည်းဆုံးခြောက်ပေအကွာတွင် နေခြင်းအပါအဝင် ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများမှ ထောက်ခံထားသော လူစုလူဝေးနှင့်ရှောင်ကြဉ်နေထိုင်ရေးဆောင်ရွက်မှုများကို လိုက်နာကြရမည်။

၄။ လူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အလုပ်သမားများအား အသက်ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန် သို့မဟုတ် အနိမ့်ဆုံးအခြေခံဆောင်ရွက်မှုများကို ဆောင်ရွက်ရန် လိုအပ်သည့် အတိုင်းအတာမှတစ်ပါး အလုပ်သမားများအား ၎င်းတို့၏နေအိမ် သို့မဟုတ် နေရာများမှ ထွက်၍ လိုအပ်သောလုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် အလုပ်များလုပ်ဆောင်ခြင်းတို့မပြုရ။

(က) ဤအမိန့်စာ၏ ရည်ရွယ်ချက်များမှာ အသက်မွေးရန် သို့မဟုတ် ကာကွယ်ရန် လိုအပ်သောအလုပ်သမားများကိုအပိုင်း ၈ နှင့် ၉ တွင် ဖော်ပြထားသည့်အတိုင်း “အရေးပါသော အခြေခံအလုပ်သမားများ” ဟုဖွင့်ဆိုသည်။

(ခ) ဤအမိန့်စာ၏ ရည်ရွယ်ချက်များအရ အနည်းဆုံးအခြေခံဆောင်ရွက်မှုများကို လုပ်ဆောင်ရန်လိုအပ်သည့်အလုပ်သမားများမှာ ထီတွင်မှုနှင့် ပစ္စည်းကိရိယာတန်ဖိုးကို ထိန်းသိမ်းရန်၊ တိရစ္ဆာန်များ အတွက် ဂရုစိုက်ရန်၊ အသေအချာလုံခြုံမှုရှိစေရန်၊ ငွေလွှဲလုပ်ငန်းများဆောင်ရွက်ရန် (လစာနှင့် ဝန်ထမ်းအကျိုးခံစားခွင့်များအပါအဝင်) သို့မဟုတ် အဝေးမှ အလုပ်လုပ်နိုင်ရန် အခြားအလုပ်သမား များ၏ လုပ်နိုင်စွမ်းကို ထောက်ပံ့ပေးရန်အတွက် လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုကို ခွင့်ပြုပေးရန် တင်းတင်းကြပ်ကြပ်လိုအပ်သော ကိုယ်တိုင်ပါဝင်လုပ်ဆောင်သူများဖြစ်သည်။

လုပ်ငန်းများ သို့မဟုတ် ဆောင်ရွက်မှုများသည် အနည်းဆုံးအခြေခံဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ၎င်းတို့၏ မည်သည့်အလုပ်သမားများကို လိုအပ်ကြောင်း သတ်မှတ်ရမည်ဖြစ်ပြီး အဆိုပါသတ်မှတ်အလုပ်သမားများကို အကြောင်းကြားရမည်။ လုပ်ငန်းများနှင့် ဆောင်ရွက်မှုများတွင် ယင်းကဲ့သို့သော သတ်မှတ်ချက်များကို စာဖြင့် ရေးသား၍ဖြစ်စေ၊အီလက်ထရောနစ်မက်ဆေ့ချ်ဖြင့်ဖြစ်စေ၊ အများပြည်သူ ဝက်ဘ်ဆိုက်ဖြင့်ဖြစ်စေ၊ အခြားသက်ဆိုင်ရာများဖြင့်ဖြစ်စေ လုပ်ဆောင်ရမည်။ သို့ရာတွင် ယင်းကဲ့သို့ သောသတ်မှတ်ချက်များကို ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ည ၁၁:၅၉ နာရီအထိ နှုတ်ဖြင့်ပြော၍ လုပ်ဆောင်နိုင်သည်။

၅။ အရေးပါသောအခြေခံအလုပ်သမားများကို ခန့်အပ်သည့် လုပ်ငန်းများနှင့် ဆောင်ရွက်မှုများသည် အောက်ပါအခြေအနေများတွင် ကိုယ်တိုင်ဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်သည်-

(က) အပိုင်း ၈ နှင့် ၉ တွင်ပါရှိသည်များနှင့် အညီ လုပ်ငန်းများနှင့် ဆောင်ရွက်မှုများတွင် ၎င်းတို့ မည်သည့်အလုပ်သမားများသည် အရေးပါသောအခြေခံအလုပ်သမားများဖြစ်ကြောင်းကို သတ်မှတ်ရမည်ဖြစ်ပြီး အဆိုပါသတ်မှတ် အလုပ်သမားများကို စာဖြင့်သော်လည်းကောင်း၊ အီလက်ထရောနစ်မက်ဆေ့ချ်ဖြင့်သော်လည်းကောင်း ၊အခြားသက်ဆိုင်ရာများဖြင့်ဖြစ်စေ အကြောင်းကြားရမည်။ သို့ရာတွင် ယင်းကဲ့သို့သော သတ်မှတ်ချက်များကို ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ည ၁၁:၅၉ အထိ နှုတ်ဖြင့်ပြော၍ လုပ်ဆောင်နိုင်သည်။ လုပ်ငန်းများနှင့် ဆောင်ရွက်မှုများတွင် သတ်မှတ်ရန် မလိုအပ်သည်မှာ -

(၁) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြည်သူ့ကျန်းမာရေးတွင် ပါဝင်သော အလုပ်သမားများ၊

(၂) အပိုင်း ၆ တွင် ဖော်ပြထားသည့်အတိုင်း လိုအပ်သောအစိုးရလုပ်ဆောင်မှုများကို ဆောင်ရွက် လုပ်ကိုင်သည့်အလုပ်သမားများ၊

(၃) အပိုင်း ၉ (ဃ) တွင် ဖော်ပြထားသောအလုပ်သမားများနှင့် လုပ်အားပေးများတို့ဖြစ်သည်။

(ခ) အသက်ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန် မလိုအပ်သောကိုယ်တိုင်လုပ်ဆောင်မှုများကို ပုံမှန်လုပ်ဆောင်မှုများပြန်လည်ဆောင်ရွက်သည့်အချိန်အထိ ရပ်ဆိုင်းရမည်။

(ဂ) ကိုယ်တိုင်လုပ်ဆောင်မှုများကိုထိန်းသိမ်းသည့်လုပ်ငန်းများနှင့် ဆောင်ရွက်မှုများသည် အလုပ်သမားများနှင့် အားပေးသူများကို ကာကွယ်ရန် လူစုလူဝေးရှောင်ကြဉ်ခြင်းအလေ့အထများနှင့် အခြားသောသက်သာစေသည့်ဆောင်ရွက်မှုများကို သဘောတူလက်ခံရမည်။ အဆိုပါအလေ့အထများ နှင့် ဆောင်ရွက်မှုအတိုင်းအတာများပါဝင်သော်လည်း အောက်ပါတို့ကိုကန့်သတ်ခြင်း မရှိပါ-

(၁) လက်ရှိအလုပ်သမားအရေအတွက် သို့မဟုတ် အဆောက်အအုံဥပစာများအားအကန့်အသတ်မရှိ ကန့်သတ်ခြင်းသည် လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု၏ အရေးပါသော အခြေခံ လုပ်ဆောင်ချက်များကို တင်းကြပ်စွာဆောင်ရွက်ရန် လိုအပ်ခြင်း။

(၂) အဝေးမှ အလုပ်လုပ်ခြင်းကို ဖြစ်နိုင်သည်အထိ အပြည့်အဝတိုးမြှင့်ဆောင်ရွက်ပေးခြင်း။

(၃) တန်းစီနေသောဝယ်ယူအားပေးသူများအပါအဝင် အဆောက်အအုံဥပစာတွင် အလုပ်သမားများနှင့် အားပေးသူများအား တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာတွင် ထားရှိခြင်း။

(၄) အလုပ်သမားနှင့် အားပေးသူအား COVID-19 ထိတွေ့မှုကို ကန့်သတ်ရန် ပစ္စည်း သန့်ရှင်းခြင်း ၊ ပိုးသတ်ခြင်းစံနှုန်းများကို တိုးမြှင့်ခြင်းနှင့် အလုပ်ခွင်တွင် COVID-19 တွေ့ရှိသည့်အခါ သန့်ရှင်းခြင်းနှင့် ပိုးသတ်ခြင်းကို လုပ်ဆောင်ရန် လုပ်ထုံးလုပ်နည်းများ ကို လက်ခံဆောင်ရွက်ခြင်း။

(၅) အလုပ်သမားများအနေဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများပြပါက သို့မဟုတ် COVID-19 ရှိသည်ဟုသိရသော သို့မဟုတ် သံသယရှိသောသူနှင့် ထိတွေ့ဖူးပါက ၎င်းတို့အား အဆောက်အအုံဥပစာများသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် မူဝါဒလမ်းစဉ်များ သဘောတူလက်ခံဆောင်ရွက်ခြင်း။

(၆) ရောဂါထိန်းချုပ်ရေးစင်တာများမှ အကြံပြုသည့် မည်သို့သောလူစုလူဝေးရှောင်ကြဉ်ခြင်း အလေ့အထများနှင့် သက်သာစေသောဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

၆။ အသက်ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန် မလိုအပ်သော မည်သည့်အဆင့် (ပြည်နယ်၊ စီရင်စု သို့မဟုတ် ဒေသ) ရှိ ကိုယ်တိုင်ပါဝင်လုပ်ဆောင်ရသော အစိုးရလုပ်ဆောင်မှု အားလုံး သို့မဟုတ် အသက်ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ကာကွယ်ရန် လိုအပ်သော အဆိုပါလုပ်ငန်းများနှင့် ဆောင်ရွက်မှုများအား ထောက်ပံ့ပေးခြင်းကို ရပ်ဆိုင်းထားသည်။

(က) ဤအမိန့်စာသည် ဥပဒေစိုးမိုးရေး၊ အများပြည်သူလုံခြုံရေးနှင့် ပထမဆုံးပြန်ကြားချက်များတွင် ပါဝင်သည့် ဝန်ထမ်းများအပါအဝင် အရေးပါသောအခြေခံအလုပ်သမားများမှ လုပ်ဆောင်သည့် လုပ်ငန်းများကို ရည်ရွယ်သည်။

(ခ) ယင်းလုပ်ဆောင်မှုများတွင် အများပြည်သူပို့ဆောင်ဆက်သွယ်ရေး၊ အမှိုက်ကောက်ခြင်းနှင့် စွန့်ပစ်ခြင်း၊ ရွေးကောက်ပွဲများကို စီမံကြီးကြပ်ရန်လိုအပ်သောလုပ်ဆောင်မှုများ၊ လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု ဆိုင်ရာ အရေးပါသောအခြေခံအလုပ်သမားများ၏ အလုပ်အကိုင်ကို အထောက်အကူပြု သည့် ငွေလွှဲ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် လိုအပ်သောဆောင်ရွက်မှုများနှင့် ပြင်ပပြန်လည်ဖန်တီးမှုကို ပြုလုပ်ခွင့်ပြုရန် လုံခြုံသန့်ရှင်းသောအများပြည်သူပန်းခြံများ ထိန်းသိမ်းထားရှိရေးတို့ပါဝင်သည်။

(ဂ) ဤအမိန့်စာ၏ ရည်ရွယ်ချက်များအရ လိုအပ်သောအစိုးရလုပ်ဆောင်မှုများတွင် အပိုင်း ၄ (ခ) တွင် ဖော်ပြထားသည့်အတိုင်း အနည်းဆုံးအခြေခံဆောင်ရွက်မှုများပါဝင်သည်။ ယင်းကဲ့သို့ လုပ်ဆောင်မှုများ ကို လုပ်ဆောင်သည့်အလုပ်သမားများကို သတ်မှတ်ရန် မလိုအပ်ပါ။

(ဃ) ကိုယ်တိုင်လုပ်ဆောင်သော မည်သည့်အစိုးရလုပ်ဆောင်မှုများကိုမဆို အပိုင်း ၅ (ဂ) တွင် ဖော်ပြထားသော အလုပ်သမားများနှင့် အားပေးသူများကို ကာကွယ်ရန် လူစုလူဝေးရှောင်ကြဉ်ခြင်းအလေ့အထ များနှင့် အခြားသက်သာစေသောဆောင်ရွက်မှုအတိုင်းအတာများ ဖြင့် တညီတညွတ်တည်း ဆောင်ရွက်ရမည်။

၇။ ခြွင်းချက်များ

(က) လူတစ်ဦးချင်းသည် ၎င်းတို့၏အိမ် သို့မဟုတ် နေထိုင်ရာနေရာမှ ထွက်ခွာပြီး လိုအပ်လျှင် ခရီးထွက်နိုင်သည်-

(၁) လမ်းလျှောက်ခြင်း၊ တောင်တက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်းအပါအဝင် ပြင်ပ လုပ်ဆောင်မှု သို့မဟုတ် တစ်ဦးချင်းစီ၏ အိမ်ထောင်စုအပြင်ဘက်ရှိသူတို့မှ အနည်းဆုံးခြောက်ပေအကွာ တွင် နေခြင်းနှင့်ညီသော အခြားမည်သည့်ပြန်လည်ဖန်တီးလုပ်ဆောင်မှုတွင် ပါဝင်ရန်။

(၂) အရေးပါသောအခြေခံအလုပ်သမားများအဖြစ် ၎င်းတို့၏ အလုပ်ရှင်များမှ သတ်မှတ် ခန့်အပ်ပြီး နောက် ၎င်းတို့အလုပ်များကို ဆောင်ရွက်ရန်။ (အပိုင်း ၅ (က) တွင် သတ်မှတ်ထားရန် မလိုသည့် အရေးပါသောအခြေခံ အလုပ်သမားများသည် သတ်မှတ်ခန့်အပ်ချက်မပါဘဲ အလုပ်အတွက် ၎င်းတို့၏နေအိမ်မှ ထွက်ခွာနိုင်သည်။)

(၃) အပိုင်း ၄ (ခ) တွင် ဖော်ပြသည့်အတိုင်း ၎င်းတို့အလုပ်ရှင်များမှ ယင်းကဲ့သို့အလုပ်ကို လုပ်ကိုင် ဆောင်ရွက်ရန် သတ်မှတ်ခံရပြီးနောက် အနည်းဆုံးအခြေခံဆောင်ရွက်မှုများ ကို လုပ်ဆောင် ရန်။

(၄) အပိုင်း ၆ တွင် ဖော်ပြသည့်အတိုင်း လိုအပ်သောအစိုးရလုပ်ဆောင်မှုများကို ပါဝင်ဆောင်ရွက် ရန်။

(၅) ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေး သို့မဟုတ် ၎င်းတို့၏ မိသားစု သို့မဟုတ် အိမ် ထောင်စုဝင်များ (အိမ်မွေးတိရစ္ဆာန်များအပါအဝင်) ၏ ကျန်းမာရေးနှင့် လုံခြုံရေး အတွက် လိုအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။ ဥပမာအားဖြင့် လူတစ်ဦးချင်းစီတိုင်းသည် ကျန်းမာရေးလုံခြုံမှုရှိစေရန် သို့မဟုတ် အရေးပေါ်ဆေး ကုသမှုခံယူရန် လိုအပ်သည့် ဆေးဝါး သို့မဟုတ် သွားဘက်ဆိုင်ရာစောင့်ရှောက် ကုသမှုကို ရှာဖွေရန် သို့မဟုတ် အိမ်ထောင်စု

သို့မဟုတ် မိသားစုဝင်တစ်ဦး၏ ကျန်းမာရေးနှင့်လုံခြုံရေး (သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်သည့် မလိုအပ်သော လုပ်ငန်းစဉ်များရွှေ့ဆိုင်းမှုအစီအစဉ်အရ ရွှေ့ဆိုင်းခံရခြင်းမရှိသည့် လုပ်ငန်းစဉ်များ အပါအဝင်) ကို ထိန်းသိမ်းရန်။

(၆) ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့မိသားစု သို့မဟုတ် အိမ်ထောင်စုဝင်များနှင့် ၎င်းတို့ယာဉ်များ အတွက် လိုအပ်သောဝန်ဆောင်မှုများ သို့မဟုတ် ထောက်ပံ့မှုများကို ရရှိရန်။ *လူတစ်ဦးချင်းစီတိုင်းသည် တတ်နိုင်သမျှအများဆုံးဖြစ်နိုင်သည်အထိ ပို့ဆောင်မှုမှတစ်ဆင့် ယင်းဝန်ဆောင်မှုများ သို့မဟုတ် ထောက်ပံ့ မှုများကို အသေအချာလုပ်ဆောင်ရမည်။* သို့ရာတွင် လိုအပ်ပါ တစ်ဦးချင်းစီတိုင်းသည်
ကုန်ခြောက်များ၊ ထုတ်ယူရန် အစား အစာ၊ ဓာတ်ဆီ၊ လိုအပ်သော ဆေးဝါးထောက်ပံ့မှုများနှင့် ၎င်းတို့နေထိုင်ရာ နေရာများ ၏ လုံခြုံရေး၊ သန့်ရှင်းရေးနှင့် အခြေခံဆောင်ရွက်မှုလုပ်ငန်းကို ထိန်းသိမ်းရန် လိုအပ်သောအခြား မည်သည့်ပစ္စည်းများကိုမဆို ဝယ်ယူရန်ထုတ်ယူရန်အတွက် နေအိမ် သို့မဟုတ် နေထိုင်ရာနေရာမှ ထွက်နိုင်သည်။

(၇) အခြားအိမ်ထောင်စုရှိ မိသားစုဝင် သို့မဟုတ် မိသားစုဝင်၏ အိမ်မွေးတိရစ္ဆာန်ကို စောင့်ရှောက်ရန်။

(၈) ကလေးသူငယ်များ၊ မှီခိုသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ သို့မဟုတ် အခြားခုခံအားနည်းသောသူများကို ကာကွယ်စောင့်ရှောက်ရန်။

(၉) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ နေအိမ်စောင့်ရှောက်မှုလုပ်ငန်းအား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် လူတစ်ဦးစီထံသို့ လာရောက်ရန် သို့မဟုတ် ခွင့်ပြုပါက စောင့်ရှောက်မှုလုပ်ငန်းကို အတိုင်းအတာတစ်ခုအထိ လာရောက်စုရုံးလုပ်ဆောင်ရန်။

(၁၀) တရားရုံးမှ အမိန့်ချမှတ်သည့်အတိုင်း လိုအပ်သော သို့မဟုတ် အရေးပေါ်ရည်ရွယ်ချက်များ အတွက် ဥပဒေအရအရေးယူမှုများ သို့မဟုတ် ကြားနာမှုများကို တက်ရောက်ရန်။

(၁၁) စီးပွားရေးမကောင်းသော သို့မဟုတ် ဆင်းရဲချို့တဲ့သောသူတစ်ဦးချင်းစီတိုင်း အဆိုပါ အရေးပေါ် အခြေအနေရလဒ်အဖြစ် အကူအညီလိုအပ်သောသူတစ်ဦးချင်းစီတိုင်းနှင့် မသန်စွမ်း သောသူများအတွက် အစားအစာ၊ အကာအကွယ်နှင့် အခြားဘဝလိုအပ်ချက်များကို ထောက်ပံ့ပေးသည့် လုပ်ငန်းများ သို့မဟုတ် ဆောင်ရွက်မှုများ(ဘာသာရေးနှင့်လောကီ ရေးရာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းနှစ်ဖွဲ့လုံးအပါအဝင်)ကိုလုပ်ကိုင်ရန် သို့မဟုတ် လုပ်အားပေးကူညီရန်။

(ခ) တစ်ဦးချင်းစီတိုင်းသည် အောက်ပါအခြေအနေများတွင်လည်း သွားလာနိုင်သည် -

(၁) ဤပြည်နယ်ပြင်ပရှိ နေအိမ် သို့မဟုတ် နေထိုင်ရာနေရာသို့ ပြန်ရန်။
(၂) အခြားဒေသတွင်နေထိုင်ရန်အတွက် ဤပြည်နယ်ပြင်ပသို့ထွက်ခွာရန်။
(၃) ဤပြည်နယ်အတွင်းရှိ နေထိုင်ရာနေရာ နှစ်နေရာအကြား သွားလာရန်။
(၄) ကလေးငယ်များ၏ ပို့ဆောင်ဆက်သွယ်ရေးအပါအဝင် ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံးအမိန့်အရ လိုအပ်သည့်အတိုင်း ချုပ်နှောင်မှုသဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရန်။

၈။ အဆိုပါအမိန့်စာ၏ ရည်ရွယ်ချက်များအရ အရေးပါသောအခြေခံအလုပ်သမားများဆိုသည်မှာ အမေရိကန် ဆိုက်ဘာလုံခြုံရေးနှင့် အခြေခံလုံခြုံရေးအေဂျင်စီဒါရိုက်တာ၏ COVID-19 ပြန်ကြားမှု(ဤတွင် ရရှိနိုင်) နှင့်ပတ်သက်၍၂၀၂၀ခုနှစ် မတ်လ ၁၉ ရက်နေ့ပါ ၎င်းလမ်းညွှန်ချက်တွင် ဖော်ပြထားသော အလုပ်သမားများဖြစ်သည်။ ယင်းအလုပ်သမားများတွင် အောက်ပါကဏ္ဍတစ်ခုစီရှိ အလုပ်သမားအချို့ ပါဝင်သည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုနှင့် အများပြည်သူကျန်းမာရေး၊

(ခ) ဥပဒေစိုးမိုးရေး၊ အများပြည်သူလုံခြုံရေးနှင့် ပထမဆုံးပြန်ကြားရေးဝန်ထမ်းများ၊

(ဂ) အစားအစာနှင့် စိုက်ပျိုးရေး၊

(ဃ) စွမ်းအင်၊

(င) ရေနှင့် စွန့်ပစ်ရေများ၊

(စ) ခရီးသွားလုပ်ငန်းနှင့်ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး

(ဆ) အများပြည်သူအလုပ်များ၊

(ဇ) သတင်းမီဒီယာအပါအဝင် ဆက်သွယ်ရေးများနှင့် သတင်းအချက်အလက်နည်းပညာ၊

(ဈ) အခြားသောအဖွဲ့အစည်းကိုအခြေခံသော အစိုးရဆောင်ရွက်မှုများနှင့် လိုအပ်သောတာဝန်လုပ်ဆောင်ချက်များ၊

(ည) အရေးပါသောထုတ်လုပ်မှု၊

(ဋ) အန္တရာယ်ရှိသောအရာများ၊

(ဌ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊

(ဍ) ဓာတုထောက်ပံ့ပို့ဆောင်ရေးစက်ကွင်းများနှင့်လုံခြုံရေး၊

(ဎ) အခြေခံကာကွယ်ရေးလုပ်ငန်း

၉။ ဤအမိန့်စာ၏ ရည်ရွယ်ချက်များအရ အရေးပါသောအခြေခံအလုပ်သမားများတွင် ပါဝင်သောအလုပ်သမားများမှာ -

(က) ကလေးသူငယ်စောင့်ရှောက်ရေးဝန်ထမ်းများ(ဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ ကလေးသူငယ်စောင့်ရှောက်ရေးစင်တာများရှိ အလုပ်သမားများအပါအဝင်)တို့သည် ဤအမိန့်စာတွင် ဖော်ပြထားသည့် အတိုင်း အရေးပါသောအခြေခံအလုပ်သမားများ၏ ကလေးငယ်များ သို့မဟုတ် မှီခိုသူများကို လိုအပ် သောအတိုင်းအတာအထိ ကူညီစောင့်ရှောက်ရန်ဖြစ်သည်။ အဆိုပါအမျိုးအစားတွင် အရေးပါသော အခြေခံအလုပ်သမားများ၏ ကလေးငယ်များ သို့မဟုတ် မှီခိုသူများအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် စီစဉ်ထားသူတစ်ဦးချင်းစီတိုင်း (လိုင်စင်ရသည်ဖြစ်စေ မရသည်ဖြစ်စေ) ပါဝင်သည်။

(ခ) သတ်မှတ်ခန့်အပ်ထားသောပေးသွင်းရောင်းချသူများနှင့် ဖြန့်ဖြူးရောင်းချရေးစင်တာများရှိ အလုပ်သမား များကိုအောက်ပါအတိုင်းဖော်ပြသည်။

   (၁) အရေးပါသောအခြေခံအလုပ်သမားများကို ခန့်အပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု သည် ၎င်းအရေးပါသောအခြေခံအလုပ်သမားများ၏ အလုပ်ကို လုပ်ဆောင်နိုင်ရန်၊ အထောက် အကူပြုနိုင်ရန် သို့မဟုတ် ပံ့ပိုးရန် လိုအပ်သည့် ဆက်လက်ဆောင် ရွက်မှုအတွက် ပေးသွင်း ရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာများ သို့မဟုတ် ဝန်ဆောင်မှုပေးသူများကို သတ်မှတ်ခန့်အပ်နိုင်သည်။

   (၂) ယင်းကဲ့သို့ပေးသွင်းရောင်းချသူများ၊ဖြန့်ဖြူးရောင်းချရေးစင်တာများ သို့မဟုတ် ဝန်ဆောင်မှု ပေးသူများသည် အလုပ်သမားများကို မူလဆောင်ရွက်မှု သို့မဟုတ် လုပ်ငန်းဆိုင်ရာ အရေးပါသောအခြေခံအလုပ်သမားများ၏ အလုပ်ကို လုပ်ဆောင်နိုင်ရန်၊ အထောက်အကူ ပြုရန် သို့မဟုတ် ပံ့ပိုးရန်လိုအပ်သည့် အဆိုပါအလုပ်သမား များကို အတိုင်းအတာတစ်ခုအထိ အရေးပါသောအခြေခံအလုပ်သမားများအဖြစ်သာ အလုပ်သမားများကို သတ်မှတ်ခန့်အပ်နိုင် သည်။

(၃) သတ်မှတ်ခန့်အပ်ထားသော ပေးသွင်းရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာ များနှင့် ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့၏ အရေးပါသောအခြေခံအလုပ်သမား များ၏ အလုပ်ကို လုပ်ဆောင်နိုင်ရန်၊ အထောက်အကူပြုရန် သို့မဟုတ် ပံ့ပိုးရန် လိုအပ်သည့် ဆက်လက်ဆောင်ရွက်မှုအတွက် နောက်ထပ်ပေးသွင်းရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာများနှင့် ဝန်ဆောင်မှုပေးသူများကို ထပ်မံသတ်မှတ်ခန့်အပ်နိုင်သည်။

(၄) ယင်းကဲ့သို့နောက်ထပ်ရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာများ သို့မဟုတ် ဝန်ဆောင်မှုပေးသူများသည် အလုပ်သမားများအား ခန့်အပ်ထားသော ပေးသွင်းရောင်းချသူ၊ ဖြန့်ဖြူးရောင်းချရေးစင်တာ သို့မဟုတ် ဝန်ဆောင်မှုပေးသူရှိ အရေးပါသောအခြေခံအလုပ် သမားများ၏ အလုပ်ကို လုပ်ဆောင်နိုင်ရန်၊ အထောက်အကူပြုရန် သို့မဟုတ် ပံ့ပိုးရန်လိုအပ်သည့် အဆိုပါအလုပ်သမားများကို အတိုင်းအတာတစ်ခုအထိ အရေးပါသောအခြေခံအလုပ်သမားများအဖြစ်သာ အလုပ်သမားများကို သတ်မှတ်ခန့်အပ်နိုင်သည်။

(၅) လုပ်ငန်းများ၊ ဆောင်ရွက်မှုများ၊ ပေးသွင်းရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာများနှင့် ဝန်ဆောင်မှုပေးသူများသည် ၎င်းတို့မှ သတ်မှတ်ခန့်အပ်သူများကို သတ်မှတ်ချက် အားလုံးကို စာဖြင့်ရေးသား၍ဖြစ်စေ၊ အီလက်ထရောနစ်မက်ဆေ့ချ်ဖြင့်ဖြစ်စေ၊ အများပြည်သူ ဝက်ဘ်ဆိုက်ဖြင့်ဖြစ်စေ၊ အခြားသက်ဆိုင်ရာများဖြင့်ဖြစ်စေ လုပ်ဆောင်ရမည်။ သို့ရာတွင် ယင်းကဲ့သို့သော သတ်မှတ်ချက်များကို ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ည ၁၁:၅၉ နာရီအထိ နှုတ်ဖြင့်ပြော၍ လုပ်ဆောင်နိုင်သည်။

(၆) သတ်မှတ်ခန့်အပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုသည့် လုပ်ငန်းများ၊ ဆောင်ရွက်မှုများ၊ ပေးသွင်းရောင်းချသူများ၊ ဖြန့်ဖြူးရောင်းချရေးစင်တာများနှင့် ဝန်ဆောင်မှုပေးသူများ သည် ဥပဒေအရ ပြည့်ဝသောအတိုင်းအတာအထိ အရေးယူမှုများကို ခံရမည်။

(ဂ) အာမခံလုပ်ငန်းရှိ အလုပ်သမားများသည် ၎င်းတို့၏ အလုပ်ကို ဖုန်းဖြင့် သို့မဟုတ် အဝေးမှ နေ၍ အတိုင်းအတာတစ်ခုအထိသာ မလုပ်ဆောင်နိုင်ပါ။

(ဃ) စီးပွားရေးမကောင်းသော သို့မဟုတ် ဆင်းရဲချို့တဲ့သောသူတစ်ဦးချင်းစီတိုင်း၊ အဆိုပါအရေးပေါ် အခြေအနေရလဒ်အဖြစ် အကူအညီလိုအပ်သောသူတစ်ဦးချင်းစီတိုင်းနှင့် မသန်စွမ်းသောသူများ အတွက် အစားအစာ၊ အကာအကွယ်နှင့် အခြားဘ၀လိုအပ်ချက်များ ကို ထောက်ပံ့ပေးသည့် လုပ်ငန်းများ သို့မဟုတ် ဆောင်ရွက်မှုများ (ဘာသာရေးနှင့် လောကီရေးရာအကျိုးအမြတ်မယူသော အဖွဲ့အစည်းနှစ်ဖွဲ့လုံးအပါအဝင်) အတွက် အလုပ်သမားများနှင့် လုပ်အားပေးများ။

(င) ကျန်းမာရေးနှင့် လူမှုဖူလုံရေးရန်ပုံငွေများကို ကြီးကြပ်စီမံသူများနှင့် အရေးပါသော အခြေခံ အလုပ် သမားများ၏ သမဂ္ဂအဖွဲ့ဝင်များကျန်းမာရေးကောင်းခြင်းနှင့် လုံခြုံရေးကို စောင့်ကြည့် စစ်ဆေးသူများ အပါအဝင် အရေးပါသောအလုပ်သမားသမဂ္ဂတာဝန်များကို လုပ်ဆောင်သည့် အလုပ်သမားများသည် မည်သည့်ကြီးကြပ်စီမံမှု သို့မဟုတ် စောင့်ကြည့်စစ်ဆေးမှုကိုမဆို ဖြစ်နိုင်လျှင် ဖုန်းဖြင့်ဖြစ်စေ သို့မဟုတ် အဝေးမှဖြစ်စေ လုပ်သင့်ကြောင်း စီစဉ်ထောက်ပံ့ပေးလျက်ရှိသည်။

၁၀။ ဤအမိန့်စာသည် ကိုယ်တိုင်အလုပ်၊ လုပ်ဆောင်မှုများနှင့် တုံ့ပြန်မှုများအပေါ် တင်းကြပ်သော ကန့်သတ် ချက်များကို သတ်မှတ်သည့်အတိုင်းအတာမှလွဲ၍ ဤအမိန့်စာတွင် ပါရှိသောမည်သည့် အချက်ကိုမဆို အကျုံး ဝင်မှုရှိသော အခြားအမိန့်စာ သို့မဟုတ် ညွှန်ကြားချက်နှင့်မှ အစားထိုးခြင်း မပြုလုပ်သင့်ပါ။ ယခင်လမ်းညွှန် ချက်အရ

ဘာသာရေးဝတ်ပြုရန်အတွက် အသုံးပြုသော ဘာသာရေး ဝတ်ပြုသည့်နေရာသည် အပိုင်း ၁၄ အရ ပြစ်ဒဏ်နှင့် မသက်ဆိုင်ပါ။

**၁၁။** ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတာဝန်များ ဆောင်ရွက်ရန် သို့မဟုတ် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာ ကို ကျင့်သုံးရန်အတွက် ဥပဒေပြုပြီး တရား ဥပဒေရုံးခွဲများ၏ အာဏာများအား ဝင်ရောက်စွက်ဖက် နှောင့်ယှက်ရန် သို့မဟုတ် ချိုးဖောက်ရန် ဤအမိန့်စာတွင် ပါရှိသောမည်သည့်အချက်ကိုမှ မယူသင့်ပါ။

**၁၂။** ဤအမိန့်စာသည် ၂၀၂၀ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက် ၁၂:၀၁ နာရီတွင် သက်ရောက်ပြီး ၂၀၂၀ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ ည ၁၁:၅၉ နာရီအထိ ဆက်လက်အကျုံးဝင်သည်။

**၁၃။** အစိုးရအနေဖြင့် ဤအမိန့်ကြော်ငြာစာ၏ သက်တမ်းကုန်ဆုံးမှုမတိုင်မီ ၎င်းအတွက် ဆက်လက်လိုအပ်မှုကို တွက်ချက်သွားမည်ဖြစ်သည်။ ထိန်းသိမ်းခြင်း၊ အရှိန်မြှင့်တင်ခြင်း သို့မဟုတ် ၎င်းကန့်သတ်ချက်များကို ဖြေလျှော့ခြင်းတို့လုပ်ဆောင်ရန် သတ်မှတ်ဆုံးဖြတ်ရာတွင် အခြားအရာများအနက် (၁) COVID-19 ကူးစက် မှုများနှင့် ရောဂါ၏ ကူးစက်ပျံ့ပွားမှုနှုန်းဆိုင်ရာ အချက်အလက်၊ (၂) ကြိုတင်ခန့်မှန်းထားသောသော ဆေးကုသမှု လိုအပ်ချက်ကို ဖြည့်ဆည်းရန် လုံလောက်သောဆေးဝန်ထမ်း၊ ဆေးရုံးကုတင်များနှင့် လေ့ရှူကိရိယာများရှိခြင်း၊ (၃) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအင်အားအတွက် တစ်ကိုယ်ရည်သုံးအကာ အကွယ်ပစ္စည်းများ ရရှိနိုင်ခြင်း၊ (၄) COVID-19 လူနာများအတွက် စမ်းသပ် စစ်ဆေးရန်နှင့် ကူးစက်ခံရသူများအား သီးသန့်ထား ရှိရန် ပြည်နယ်၏ စွမ်းဆောင်နိုင်မှုနှင့် (၅) ပြည်နယ်အတွင်း စီးပွားရေးအခြေအနေများကို စဉ်းစားသုံးသပ်ပါမည်။

**၁၄။** MCL 10.33 နှင့် MCL 30.405(3) တို့အရ ဤအမိန့်စာအား သဘောဆန္ဒအလျောက် တမင်ချိုးဖောက်ခြင်းသည် ပြစ်မှုဖြစ်သည်။

ကျွန်ုပ်၏ လက်နှင့် မီချီဂန်ပြည်နယ်၏ ကြီးမြတ်သောစည်းတံဆိပ်ကို ပေးအပ်ပါသည်။

ရက်စွဲ - ၂၀၂၀ ခုနှစ်၊ မတ်လ ၂၃ ရက်
အချိန် - နံနက် ၁၀:၃၉ မိနစ်

-------------------------------

GRETCHEN WHITMER
GOVERNOR

မြို့တော်ဝန်၏လွှဲအပ်ချက်အရ

ပြည်နယ်အတွင်းရေးမှူး